

# သမိုင်းမဝင်ခဲ့သော ဆန္ဒများ

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ မဲပေးခွင့်မရကြသော မဲဆန္ဒရှင်များ

(အစီရင်ခံစာ အကျဉ်းချုပ်)

HURFOM

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

## နိဒါန်း

၂၀၁၅ နိုဝင်ဘာလ (၈) နေ့ဖြစ်သည်။ သန်းပေါင်းများစွာသော မြန်မာနိုင်ငံသားများက မဲရုံသို့ သွားရောက်ခဲ့ပြီး လွန်ခဲ့သော (၂၅) နှစ်အတွင်း အလွတ်လပ်ဆုံးဖြစ်သော အထွေထွေရွေးကောက်ပွဲတွင် ၎င်းတို့၏မဲပေးပိုင်ခွင့် အခွင့်အရေးကို အမိအရဖမ်းဆုပ်ခဲ့ကြသည်။ ၂၀၁၅ ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအပြောင်းအလဲအတွက် စိတ်လှုပ်ရှားဖွယ် အံ့အားသင့်ဖွယ် အခိုက်အတန့်ကာလတစ်ခုဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲကို အောင်မြင်သောဖြစ်စဉ်တစ်ခုအဖြစ်နိုင်ငံတကာအသိုင်းအဝိုင်းက ချီးမွမ်းထောပနာပြုနေချိန်၊ ရွေးကောက်ပွဲရလာဒ်ကြောင့် အတိုင်းမသိသော ဝမ်းသာပျော်ရွှင်မှုများဖြစ်ပေါ်နေချိန်တွင် ၎င်းသမိုင်းဝင်အဖြစ်အပျက်တွင် ပါဝင်ခွင့်မရဘဲ ဖယ်ကြဉ်ခံထားရသူများလည်း ရှိနေခဲ့သည်။

ဤသမိုင်းမဝင်ခဲ့သောဆန္ဒများ အစီရင်ခံစာတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်များ ထိန်းချုပ်ရာနယ်မြေရှိ မဲပေးခွင့်မရရှိခဲ့သော တိုင်းရင်းသားမဲဆန္ဒရှင်များ၏ ဆန္ဒအသံများကို ထင်ဟပ်ဖော်ပြနိုင်ရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ရည်ရွယ်ပါသည်။ ၂၀၁၅ အောက်တိုဘာလတွင် တွေ့ဆုံမေးမြန်းမှုပေါင်း (၆၀) ကျော်ပြုလုပ်ခဲ့ပြီး ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ယခုရွေးကောက်ပွဲတွင် မဲပေးခွင့်မရရှိခဲ့သော ထောင်ပေါင်းများစွာသော မဲဆန္ဒရှင်များ၏ဆန္ဒအသံများကို စုစည်းကောက်ခံခဲ့သည်။

ရွေးကောက်ပွဲရလဒ်ကြောင့် ဖြစ်ပေါ်နေသော အပျော်လွန်မှုများက အငြင်းပယ်ခံမဲဆန္ဒရှင်များ၏ ဆန္ဒအသံများကို ဖုံးလွှမ်းမသွားစေရန်မှာလည်း အရေးကြီးသောကိစ္စဖြစ်သည်။ မဲပေးခွင့်ငြင်းပယ်ခြင်းဖြင့် နိုင်ငံသားအခွင့်အရေးကို ချိုးဖောက်ခြင်း၊ လူနည်းစုတိုင်းရင်းသားများကို နိုင်ငံရေးနယ်ပယ်မှ ဖယ်ကြဉ်ခြင်းနှင့် နိုင်ငံတကာအဆင့်မီ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲတစ်ခု၏ ဂုဏ်ပုဒ်ကို ထိခိုက်စေသောချိုးဖောက်မှုများရှိနေခြင်းကို မီးမောင်းထိုးပြနိုင်ရန် ဤအစီရင်ခံစာက ရည်ရွယ်ပါသည်။

## အစီရင်ခံစာ ပြုစုပုံ

ဤအစီရင်ခံစာကို တွေ့ဆုံမေးမြန်းမှု (၆၀)အပေါ်တွင် အခြေခံ၍ ပြုစုထားသည်။ တွေ့ဆုံမေးမြန်းမှုများကို မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်း၏ နယ်သတင်းအချက်လက် မှတ်တမ်းပြုစုသူ အလုပ်အဖွဲ့ (၂) ဖွဲ့မှ ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တွေ့ဆုံမေးမြန်းမှု (၅၉) ခုကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင်မှတ်တမ်းပြု

ခဲ့ပြီး တွေ့ဆုံမေးမြန်း (၁) ခုကို ဘားအံမြို့နယ်တွင် ပြုလုပ်ခဲ့သည်။

အချက်အလက်များကို ကြိုတင်စီစဉ်ထားသော မေးခွန်းများမှတဆင့် ကောက်ခံခဲ့သည့်အပြင် အခြားဆက်စပ်အခြေအနေကိုလည်း မေးမြန်းကောက်ယူဖြစ်ခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဒေသခံကျေးရွာသူ ကျေးရွာသား (၄၁) ဦး၏ အတွေ့အကြုံများကို မေးမြန်းခဲ့ပြီး ကြာအင်းဆိပ်ကြီးမြို့နယ် ရွေးကောက်ပွဲအကြောင်းအရာများနှင့်ပတ်သက်၍မှု နိုင်ငံသား (၁၉) ဦးကို မေးမြန်းခဲ့သည်။ မေးခွန်းဖြေကြားသူအားလုံး၏ ထက်ဝက်ကျော်မှာ မွန်လူမျိုးများဖြစ်သော်လည်း ဒေသနေကရင်လူမျိုး အများအပြားအပါအဝင် အခြားလူမျိုးများကိုလည်း တွေ့ဆုံမေးမြန်း မှတ်တမ်းပြုခဲ့သည်။

## မဲပေးခွင့်မရခဲ့ကြသော မဲဆန္ဒရှင်များ

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်မှ မဲပေးခွင့်မရခဲ့ကြသော မဲဆန္ဒရှင်များ တွေ့ဆုံမေးမြန်းမှုများအရ အစိုးရမဟုတ်သော လက်နက်ကိုင်တပ်များ ထိန်းချုပ်ရာဒေသရှိ မဲဆန္ဒရှင်များအနေဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ၂၀၁၅ ရွေးကောက်ပွဲတွင် အောက်ပါလမ်းနည်း (၃) ခုဖြင့် ဖယ်ကြဉ်ခြင်းခံခဲ့ရသည်။

(၁) လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်ဖြင့် ကျေးရွာစု (၃၈) စုတွင် ရွေးကောက်ပွဲ မကျင်းပခြင်း။
(၂) ဝေးလံခေါင်သီသော နယ်စပ်ကျေးရွာများတွင် မဲရုံအလုံအလောက် မထားရှိခြင်း။
(၃) မဲဆန္ဒရှင်များ အထူးသဖြင့် နယ်စပ်ဒေသရှိ မဲဆန္ဒရှင်များကို ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှု မရှိခြင်း။

### (၁) လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်ဖြင့် ကျေးရွာစု (၃၈) စုတွင် ရွေးကောက်ပွဲ မကျင်းပခြင်း

လုံခြုံရေးအခြေအနေ အားနည်းသည်ဟူသော အကြောင်းပြချက်ဖြင့် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း (၃၈) စုတွင် ရွေးကောက်ပွဲကျင်းပရန် ငြင်းဆန်ခဲ့သည့်အတွက် မဲဆန္ဒရှင် (၅၀၀၀၀) ကျော် မဲပေးခွင့် ဆုံးရှုံးခဲ့ရသည်။ အဆိုပါကျေးရွာများသည် မွန် သို့မဟုတ် ကရင်လက်နက်ကိုင်တပ်ဖွဲ့၏ ထိန်းချုပ်မှုအောက်တွင် ငြိမ်းချမ်းစွာတည်ရှိနေသော ကျေးရွာများ အများစုဖြစ်သည်။ ရွေးကောက်ပွဲ မကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းသည် ပွင့်လင်းမြင်သာမှုမရှိသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်သည် လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုထက် နိုင်ငံရေးအရ ဖယ်ကြဉ်လိုမှုကြောင့်သာဖြစ်ကြောင်း ဒေသခံများက ထင်မြင်ယူဆကြသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကျေးရွာများတွင် ရွေးကောက်ပွဲမကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်ပါ နိုင်ငံသားအခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထင်မြင်ယူဆပါသည်။ ကုလသမဂ္ဂပဋိညာဉ်ပါ နိုင်ငံသားအခွင့်အရေးတွင် ရွေးကောက်ပွဲမကျင်းပပါက ဥပဒေပြဋ္ဌာန်းကြေညာရမည့်အပြင် ရွေးကောက်ပွဲမကျင်းပခြင်း၏ အကြောင်းရင်းသည် ဘက်လိုက်မှုမရှိသော

မျှတခိုင်လုံသည့် အကြောင်းပြချက် ဖြစ်ရမည်ဟု ဖော်ပြထားသည်။

ရွေးကောက်ပွဲမကျင်းပနိုင်ပါက ၂၀၀၈ အခြေခံဥပဒေ ပုဒ်မ (၃၉၉-င) အရ ဥပဒေထုတ်ပြန်ကြေညာရမည်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ အခန်း (၄) အပိုဒ် (၁၀-က) ကလည်း ဒေသတစ်ခုတွင် လုံခြုံရေးအခြေအနေကြောင့် လွတ်လပ်မျှတသော ရွေးကောက်ပွဲကျင်းပရန် မဖြစ်နိုင်ပါက ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်ကြောင်း ကော်မရှင်ကို အခွင့်အာဏာပေးအပ်ထားသည်။

သို့သော် ကြာအင်းဆိပ်ကြီးရှိ ကျေးရွာများတွင် ရွေးကောက်ပွဲမကျင်းပခဲ့ခြင်းသည် ဘက်လိုက်မှုမရှိသော မျှတခိုင်လုံသည့် အကြောင်းပြချက်အပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ခဲ့သည်ဟု ပြောဆိုရန် ခက်ခဲလှသည်။ လုံခြုံရေးအခြေအနေကြောင့် ရွေးကောက်ပွဲ မကျင်းပနိုင်ခြင်းဖြစ်သည်ဟူသော အကြောင်းပြချက်ကို ဒေသခံများအနေဖြင့် လက်မခံနိုင်ဘဲ ကော်မရှင်၏ဆုံးဖြတ်ချက်အပေါ် မေးခွန်းထုတ်ခဲ့ကြသည်။

## (၂) ဝေးလံခေါင်သီသော နယ်စပ်ကျေးရွာများတွင် မဲရုံအလုံအလောက် မထားရှိခြင်း

ထိုင်းမြန်မာနယ်စပ်ရှိ ဝေးလံခေါင်သီသော ကျေးရွာများရှိ ပြည်သူများအနေဖြင့် အနီးဆုံးမဲရုံသို့ရောက်ရှိရန် အချိန်ကြာမြင့်စွာ ခရီးသွားရကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက လေ့လာသိရှိခဲ့သည်။

ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့နယ်ခွဲရှိ ခလော့ခနီ၊ ဗလယ်ဒုန်ဖိုက်နှင့် ထီးဝါးဒို့ကျေးရွာများတွင် မှီတင်းနေထိုင်ကြသော ရွာသူရွာသားများအနေဖြင့် အနီးဆုံးမဲရုံသို့ ရောက်ရှိရန် သုံးနာရီကြာအောင် ခရီးသွားရသည်။ အလားတူ အေးချမ်းသာ၊ ကြံတောနှင့် ဂျပန်ရေတွင်းကျေးရွာသားများအဖို့လည်း သူတို့၏ မဲဆန္ဒရှင်စာရင်းပေါက်ရာ မဲရုံသို့ရောက်ရန် အချိန်တစ်နာရီခန့် ခရီးသွားရသည့်အပြင် ရွာသားများ၏ ဝင်ငွေနှင့်နှိုင်းယှဉ်ပါက သွားလာစရိတ်လည်း မြင့်မားလှသည်။

မဲရုံအလုံအလောက်မရှိခြင်း သို့မဟုတ် မဲရုံသို့ခက်ခဲစွာ သွားလာရခြင်းသည် စားဝတ်နေရေးဖြင့် နိစ္စဓူဝလုံးပန်းနေရသော နေ့စားအလုပ်သမားများနှင့် သက်ကြီးရွယ်အိုများအတွက် ကြီးမားသော အခက်အခဲဖြစ်သည်။

ကုလသမဂ္ဂပဋိညာဉ်တွင် မဲပေးနိုင်သော နိုင်ငံသားအားလုံး လွယ်ကူသက်သာစွာ မဲပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ထိရောက်စွာပြင်ဆင်ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။ မဲရုံအလုံအလောက်မရှိခြင်း သို့မဟုတ် မဲရုံသို့ခက်ခဲစွာ သွားလာရခြင်းသည် ၎င်းပြဋ္ဌာန်းချက်ကို အစိုးရက ချိုးဖောက်ခြင်းဖြစ်ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ယူဆပါသည်။

ဝေးလံခေါင်သီသောဒေသများတွင် မဲရုံများထားရှိခြင်း၊ ထိုသို့လုပ်ဆောင်ရန် အလွန်ခဲယဉ်းပါက ဝေးလံခေါင်သီသောဒေသရှိ ရွာသူရွာသားများအား မဲရုံသို့ အခမဲ့ပို့ဆောင်ပေးခြင်းများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံသားတို့၏ မဲပေးပိုင်ခွင့်ကို မြှင့်တင်ရမည်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ထိုကဲ့သို့ဆောင်

ရွှက်ရန်ပျက်ကွက်ခဲ့ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက လေ့လာတွေ့ရှိပါသည်။

## (၃) မဲဆန္ဒရှင်များ အထူးသဖြင့် နယ်စပ်ဒေသရှိ မဲဆန္ဒရှင်များကို ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှု မရှိခြင်း

နိုဝင်ဘာ (၈) ရက်နေ့ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မေးမြန်းခဲ့သော ရွာသူရွာသား (၄၁) ဦးအနက် (၉၃) ရာခိုင်နှုန်းက ရွေးကောက်ပွဲဆိုင်ရာ အသိပညာဗဟုသုတ မရှိသလောက်ဖြစ်နေပြီး (၉၀) ရာခိုင်နှုန်းက မဲမည်သို့ပေးရမည်ကိုမသိရှိကြောင်း ဖြေကြားခဲ့ပါသည်။ ဖြေဆိုသူအများစုမှာ ထိုင်းမြန်မာနယ်စပ်ရှိ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်(IDP) အများစုနေထိုင်ရာ ကျေးရွာများမှ ဒေသတွင်းရွှေ့ပြောင်းခံရသူများ ဖြစ်သည်။ သွားရောက်မေးမြန်းချိန်အထိ မည်သည့်ရွာသားတစ်ဦး တစ်ယောက်မျှ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးမှု ရရှိဖူးခြင်း မရှိသေးချေ။

ကြာအင်းဆိပ်ကြီးမြို့နယ် အထူးသဖြင့် နယ်စပ်ဒေသ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် ကျေးရွာများတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှု မရှိခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုများကို နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးရမည်ဟူသော နိုင်ငံတကာစံနှုန်းနှင့် ဆန့်ကျင်နေသည်။ နိုင်ငံတော်အစိုးရသာမက အစိုးရမဟုတ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကပါ ဝေးလံခေါင်သီသောဒေသရှိ မဲဆန္ဒရှင်များ မဲပေးနိုင်ရန်အတွက် လိုအပ်သော ဆောင်ရွက်မှုများ ပြုလုပ်ထား ရမည့်အပြင် ရွာသူရွာသားများ မဲပေးမှုတွင် စိတ်ပါဝင်စားလာစေရန်အတွက် လှုံ့ဆော်မှုများကိုလည်း ပြုလုပ်ရမည် ဖြစ်သည်။

## မဲပေးပိုင်ခွင့် ငြင်းပယ်ခံရခြင်း အကျိုးဆက်များ

ရွေးကောက်ပွဲတွင် မဲပေးခွင့်မရခဲ့ခြင်းကြောင့် အပယ်ခံတစ်ယောက်ကဲ့သို့ ခံစားရကြောင်း ရွာသူရွာသားများက ပြောပြကြသည်။ တွေ့ဆုံမေးမြန်းခဲ့သူအများစုမှာ ဒေသတွင်း အတင်းအဓမ္မရွှေ့ပြောင်းခံရသူများဖြစ်ပြီး ၎င်းတို့သည် နှစ်ပေါင်းဆယ်ချီသော ပြည်တွင်းပဋိပက္ခအတွင်း ဆိုးရွားပြင်းထန်သော ချိုးဖောက်မှုများကို ခံစားခဲ့ရပြီးဖြစ်သည်။ မဲပေးခွင့် မရခြင်းသည် အစိုးရက ၎င်းတို့အပေါ် မတရားဆက်ဆံခြင်းဖြစ်သည်ဟု ယူဆလျက်ရှိပြီး အတိတ်ကခံစားခဲ့ရသော နာကျည်းမှုများကို ပိုမိုဆိုးရွားစေသည်။ ကရင်နှင့်မွန်လူမျိုး နိုင်ငံသားများ၏ မဲပေးခွင့်ကို ငြင်းဆန်ခြင်းကြောင့် တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုများ အကန့်အသတ်ဖြစ်သွားမည်ကိုလည်း စိုးရိမ်ပူပန်နေကြသည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် လွတ်လပ်ပြီး အမှီအခိုကင်းမှု မရှိခြင်း

ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိကြောင်း ကြေညာခံရသောဒေသအတွင်းရှိ နိုင်ငံသားများအနေဖြင့် အယူခံခွင့်၊ စောဒကတက်ခွင့်လည်း မရရှိခဲ့ကြချေ။ ၎င်းအပြင် ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီး အမှီအခိုကင်းသော အဖွဲ့အစည်းတစ်ခုမဟုတ်ကြောင်း၊ ကော်မရှင်သည် လက်ရှိအာဏာရပါတီဖြစ်သော ပြည်ခိုင်ဖြိုးပါတီ၏

မိတ်ဖက်ဖြစ်သောကြောင့် ၎င်းတို့၏ မဲပေးပိုင်ခွင့် ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း မှတ်တမ်းပြု မေးမြန်းထားသည့် ရွာသူရွာသားများ အများစုက ထင်မြင်ယူဆကြသည်။

## အနှစ်ချုပ်

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ လေ့လာတွေ့ရှိမှုများသည် နောင်လာမည့် ရွေးကောက်ပွဲများအတွက် သင်ခန်းစာများ ဖြစ်သည်။ အစိုးရမဟုတ်သော လက်နက်ကိုင်များ၏ ထိန်းချုပ်နယ်မြေများသည် နောင်ကာလ အပိုင်းအခြားတစ်ခုအထိ ဆက်လက်တည်ရှိနေဦးမည်ဖြစ်ရာ ၎င်းဒေသများရှိ နိုင်ငံသားများ၏ မဲပေးပိုင်ခွင့်အတွက် သက်ဆိုင်ရာအဖွဲ့အစည်း အားလုံး ကြိုတင် စဉ်းစားရမည်ဖြစ်သည်။

လုံခြုံရေးအခြေအနေ အမှန်တကယ်ဆိုးရွားသော ဒေသများတွင်သာ ရွေးကောက်ပွဲမကျင်းပရန် ဆုံးဖြတ်သင့်ပြီး တိုင်းရင်းသား လက်နက်ကိုင်တပ်များ ထိန်းချုပ်ရာနယ်မြေသည် ရွေးကောက်ပွဲမကျင်းပရခြင်း၏ အကြောင်းရင်းတစ်ရပ် မဖြစ်သင့်ချေ။

နောင်လာမည့် ရွေးကောက်ပွဲကော်မရှင်ကိုလည်း လွတ်လပ်ပြီး အမှီအခိုကင်းစွာ ဖွဲ့စည်းသင့်ပြီး ဝေးလံခေါင်သီသော ကျေးလက်ဒေသများရှိ ရွာသူရွာသားများ လွယ်ကူစွာ မဲပေးနိုင်ရန်နှင့် ၎င်းတို့အား ရွေးကောက်ပွဲဆိုင်ရာ ပညာပေးမှု ပိုမိုလုပ်ဆောင်ရန် ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်များ မဲပေးခွင့်မရခြင်းသည် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတို့အပေါ် များစွာထိခိုက်စေနိုင်သည်။ တိုင်းရင်းသားနိုင်ငံသားအားလုံးကို နိုင်ငံရေးဖြစ်စဉ်တိုင်းတွင် ပါဝင်ခွင့်ရရှိစေရန် စီစဉ်လုပ်ဆောင်ထားသင့်သည်။

ရွေးကောက်ပွဲရလဒ်ကြောင့် တစ်နိုင်ငံလုံးအောင်ပွဲခံနေချိန်တွင် မဲပေးခွင့်ဆုံးရှုံးခဲ့သော နိုင်ငံသားများအနေဖြင့် ထိုသမိုင်းဝင်အောင်ပွဲသည် ၎င်းတို့နှင့်သက်ဆိုင်ခြင်းမရှိကြောင်း၊ တိုင်းပြည်၏ နိုင်ငံရေးစနစ်တခု ပြောင်းလဲရာတွင် ၎င်းတို့ပါဝင်ခွင့်မရခဲ့ကြောင်း မှတ်ယူခံစားနေမည်ဖြစ်သည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဤအနေအထားများကို ချက်ချင်းပြင်ဆင်ရမည်ဖြစ်ပြီး အားလုံးပါဝင်နိုင်ရေးကို ပိုမိုလုပ်ဆောင်ရမည်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်တပ်များ၏ ထိန်းချုပ်ဒေသရှိ ပြည်သူများ မဲပေးခွင့်ဆုံးရှုံးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့အစည်းများတွင်လည်း တာဝန်မကင်းချေ။ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ရွာသူရွာသားများ မဲပေးခွင့် ဆုံးရှုံးခဲ့ခြင်းအတွက် အဓိကတာဝန်ရှိသူမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖြစ်သော်လည်း ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်များအကြား ရွေးကောက်ပွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းကြောင့်လည်း ဖြစ်သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းနေချိန်တွင် တိုင်းရင်းသား လက်နက်ကိုင်တပ်များအနေဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကဲ့သို့သော နိုင်ငံတော်အဆင့်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရမည် ဖြစ်သည်။ ထိုသို့လုပ်ဆောင်မှသာ မိမိတို့လက်နက်ကိုင်တပ်များ ထိန်းချုပ်ရာဒေသအတွင်းရှိ ပြည်သူလူထုများအနေဖြင့် နိုင်ငံတော်အဆင့် ပြုပြင်ပြောင်းလဲမှုများ၏ အသီးအပွင့်ရလဒ်များကို ခံစားနိုင်ကြမည်ဖြစ်သည်။

## အကြံပြုတိုက်တွန်းချက်

- နောင်အာဏာရလာမည့် အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်တပ်များ ထိန်းချုပ်ရာဒေသရှိ ပြည်သူများ နိုင်ငံရေးဖြစ်စဉ်တွင် ဖယ်ကြဉ်ခံရခြင်း မရှိစေရန်နှင့် ခွဲခြားဆက်ဆံခံရခြင်း မရှိစေရန် လုပ်ဆောင်ရမည် ဖြစ်သည်။
- တိုင်းရင်းသား လက်နက်ကိုင်တပ်များအနေဖြင့်လည်း နိုင်ငံတော်အဆင့် အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ပြီး မိမိတို့လက်နက်ကိုင်တပ်များ ထိန်းချုပ်ရာဒေသရှိ နိုင်ငံသူနိုင်ငံသားအားလုံး နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

## နောင်လာမည့်ရွေးကောက်ပွဲများအတွက် သင်ခန်းစာများ

- နိုင်ငံသူနိုင်ငံသားအားလုံး အရွယ်ရောက်သူတိုင်း မဲပေးခွင့်ရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်များအားလုံး ပူးပေါင်းဆောင်ရွက်ရမည်။
- ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လုံခြုံရေးအမှန်တကယ်စိုးရိမ်ရသော နေရာများတွင်သာ ရွေးကောက်ပွဲ မကျင်းပရန် ဆုံးဖြတ်သင့်ပြီး တိုင်းရင်းသားလက်နက်ကိုင်တပ်များ ထိန်းချုပ်ရာဒေသကိုရွေးကောက်ပွဲ မကျင်းပရာဒေသအဖြစ် အလိုအလျောက် မသတ်မှတ်သင့်ချေ။
- ရွေးကောက်ပွဲကော်မရှင်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်တပ်များနှင့် ပူးပေါင်းပြီး လက်နက်ကိုင်တပ်များ ထိန်းချုပ်ရာဒေသများတွင် မဲရုံထားရှိနိုင်ရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ မဲရုံမရှိသောဒေသရှိ ရွာသူရွာသားများကိုလည်း အနီးဆုံးမဲရုံတွင် မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက် ပေးရမည်။
- ရွေးကောက်ပွဲကော်မရှင်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်တပ်များအပြင် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဝေးလံခေါင်သီသော နယ်စပ်ဒေသများတွင် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ရာတွင်လည်း တိုင်းရင်းသားတို့၏ မိခင်ဘာသာစကားကို အသုံးပြုရမည်။
- တိုင်းရင်းသားလက်နက်ကိုင်တပ်များ ထိန်းချုပ်ရာဒေသရှိ နိုင်ငံသားစိစစ်ရေးကဒ်ပြား မရှိသေးသူ နိုင်ငံသူ/သားများ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားကိုင်ဆောင်ထားသော်လည်း မိမိနေရပ်ဒေသမှ အကြောင်းအမျိုးမျိုးကြောင့် စွန့်ခွာလာခဲ့ရသူများ ရွေးကောက်ပွဲဖြစ်စဉ်တွင် တနည်းနည်းဖြင့် ပါဝင်နိုင်စေရန် အထူးအလေးပေးဆောင်ရွက်ရမည်ဖြစ်သည်။



"ဒီဒေသတွေမှာ မွန်နဲ့ ကရင်တိုင်းရင်းသားတွေ အများစုနေထိုင်ကြတာဖြစ်တယ်။ အခုလို ရွေးကောက်ပွဲ မကျင်းပတော့ တိုင်းရင်းသားပါတီတွေ ထောက်ခံဆန္ဒပြုပေးတဲ့မဲက လျော့နည်းသွားမယ်၊ အဲဒီတော့ ပါတီကြီးနှစ်ခုဖြစ်တဲ့ ပြည်ခိုင်ဖြိုးနဲ့ အင်အယ်လ်ဒီတို့ အတွက်ပဲ အကျိုးရှိမယ်၊ ကျွန်တော်တို့ တိုင်းရင်းသားပါတီ တွေကျ နစ်နာတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး

မွန်ဒေသလုံးဆိုင်ဒီမိုကရေစီပါတီ"

"နိုင်ငံသားစိစစ်ရေးကဒ်ရှိတယ် အိမ်ထောင်စုစာရင်း ရှိတယ်၊ တကယ်တမ်းဆို ကျွန်တော်တို့ မဲထည့်ခွင့် ရသင့်တာပေါ့၊ အခုတော့ ကျွန်တော်တို့ ဒီအခွင့်အရေးကြီးကို ဆုံးရှုံးခဲ့ရတယ်၊ ဒါ အစိုးရရဲ့ ကျွန်တော်တို့ ဒေသခံတွေအပေါ် မတရားတဲ့ လုပ်ရပ်ကြီး တခုပါ၊

နိုင်အောင်ငွေး၊ကျေးရွာအုပ်ချုပ်ရေးမှူး၊

ဗလဲ့ဒွန်ဖိုက်ကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်"

"တခြား ကျေးရွာအုပ်စုက ကရင်ဒေသခံတွေလိုပဲ ကျွန်တော်တို့ ဟာ ဒေသတခုထဲမှာ အတူတူ နေထိုင် လုပ်ကိုင်စားသောက်နေကြတယ်၊ သို့ ပေမယ့် သူများတွေက မဲထည့်ပိုင်ခွင့်ရှိကြပြီး ကျွန်တော်တို့ ကျတော့ မရဘူး၊ သူများတွေလို ကိုယ်အားကိုးယုံကြည်ရတဲ့ ဒေသကိုယ်စားပြု ကိုယ်စားလှယ်ကို ရွေးပိုင်ခွင့်မရှိတော့ဘူး၊ ဒါဟာ ဒေသအကျိုးအတွက် အလုပ်လုပ်ပေးနိုင်သူ ရွေးချယ်ပွဲမှို ပါဝင်ခွင့်မရတာ သိပ်နစ်နာပါတယ်၊
စိတ်လည်း ပျက်ပါတယ်။

စောကျော့်ဦ၊ ၅၄ နှစ်ရှိ ကရင်လူမျိုးတဦး၊၊

ဗားပြုကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်"



Burma 2015

# BALLOT DENIED

**Disenfranchised Voters in Kyar Inn Seik Gyi Township, Karen State**

HURFOM A Report by Human Rights Foundation of Monland (HURFOM)